# Dermatology and Aesthetic Centre

## Laser Skin Resurfacing
## အရေပြားအသစ်တဖန်ပြန်လည်မွေးဖွားပေးခြင်း

### Laser Skin Resurfacing ဆိုသည်မှာ

Laser အလင်းတန်းဖြင့် မျက်နှာအရေပြားတွင် မျက်စိနှင့်မမြင်နိုင်သောအပေါက်ငယ်များ ဖန်တီးကာ ကော်လာဂျင် ထုတ်လုပ်မှုကိုနှိုးဆွပေးပြီး အရေပြားအသစ်တဖန် ပြန်လည်မွေးဖွားစေခြင်းဖြစ်ပါသည်။

### Laser Skin Resurfacing ကုသခြင်းမှ ဘယ်လိုအကျိုးကျေးဇူးတွေရရှိနိုင်သလဲ?

- မျက်နှာပေါ်ရှိအမည်းစက်များကိုလျော့ကျစေခြင်း
- ချွေးပေါက်များကိုကျဉ်းစေခြင်း
- အသားအရေစိုပြေဝင်းမွတ်စေခြင်း
- အရေပြားတင်းရင်းစေခြင်း

### ဘာတွေကုသနိုင်သလဲ?

- မျက်စိနှင့်ပါးစပ်တစ်ဝိုက်ရှိ သေးငယ်သောအရေးအကြောင်းများ
- နေရောင်ခြည်ကြောင့်ပျက်စီးနေသောအသားရေများ
- ဝက်ခြံကြောင့်ဖြစ်သောအမာရွတ်ချိုင့်ခွက်များ (၃ - ကြိမ်ထက်ပို၍ကုသရန်လိုအပ်သည်)
- ခွဲစိတ် အမာရွတ်၊ မီးလောင်အမာရွတ်များ

### Laser ကုသမှု မခံယူသင့်သောသူများမှာ

- ကိုယ်ဝန်ဆောင်များ
- နို့တိုက်မိခင်များ
- အမာရွတ်ကျန်လွယ်သူများ (keloid)
- (၆) လအတွင်း Retinol ပါသောဆေးသုံးစွဲထားသူများ
- မကြာသေးမီကနေလောင်ထားသူများ

### ကုသမှုမခံယူမီ ဘာတွေ ပြင်ဆင်ထားရမလဲ?

- ကုသမှု မခံယူမီ (၁၀)ရက်အတွင်း အက်စ်ပရင်ကဲ့သို့သော ရောင်ရမ်းမှုကျစေသည့်ဆေးများကိုရှောင်ကြဉ်ရပါမည်။
- Laser Resurfacing လုပ်ခြင်းသည် ယခင်ဖြစ်ခဲ့ဖူးသောရေယုန်ကို ပြန်လည်နိုးထစေနိုင်သောကြောင့် ဆေးကြိုတင် သောက်သုံးရန် လိုအပ်ပါသည်။ ဗိုင်းရပ်စ်ပိုးသတ်ဆေးအားမကုသမီ (၁)ရက်နှင့် ကုသပြီး (၇)ရက်အထိ သောက်သုံးပေးရန် လိုအပ်ပါသည်။
- အချို့သောဆေးဝါးများသည် အရေပြားနှင့်နေရောင် ထိတွေ့ပါက ရောင်ရမ်းမှုကို ပိုမိုဖြစ်စေသောကြောင့် သောက်သုံးနေသော ဆေးဝါးများရှိပါက ကြိုတင်အသိပေးရန် လိုအပ်ပါသည်။
- Isotretinoin ပါဝင်သော ဝက်ခြံကုသမှုဆေးဝါးများ သောက်သုံးနေပါက အနာကျက်နှေးပြီး အမာရွတ်ကျန်နိုင်ပါသည်။
- ကုသမှုမခံယူမီ နှင့် ခံယူပြီး (၂)ပတ်တွင် အနာကျက်မြန်စေရန် ဆေးလိပ်ဖြတ်ထားရပါမည်။
- ပိုးသတ်ဆေးများ (eg. Doxycycline)၊ Reinoid ခရင်မ် များ၊ Photosensitive ဖြစ်စေသောဆေးများကို ကုသမှုမခံယူမီ (၁)ပတ်ရှောင်ဖို့ လိုပါသည်။
- Laser ကုသမှု မခံယူမီ (၄)ပတ်အတွင်း အလွန်အမင်းပူပြင်းသောနေရောင်ခြည်နှင့် ထိတွေ့မှုကို ရှောင်ရှားသင့်ပါသည်။ ဤကုသမှုသည် မျက်နှာအားအနည်းငယ်ရောင်ရမ်းစေခြင်း၊ နာကျင်မှုရှိစေခြင်း နှင့် အနည်းငယ် သွေးထွက်စေနိုင်ခြင်းတို့ကြောင့် အဖော်တစ်ယောက်ခေါ်ဆောင်လာသင့်ပါသည်။

## Laser Resurfacing ဟာနာကျင်စေပါသလား

ကုသမှုခံယူမည့်နေရာနှင့် တစ်ဦးတစ်ယောက်ချင်း၏ ခံနိုင်ရည်ရှိမှုအပေါ် မူတည်ပါသည်။ များသောအားဖြင့် သားရေကွင်းနှင့် ပစ်သကဲ့သို့ စပ်ဖျင်းဖျင်းခံစားမှုမျိုး ရရှိစေနိုင်ပါသည်။ လူနာ၏ ဆန္ဒအပေါ် မူတည်၍ အနာသက်သာစေသော ခရင်မ်လိမ်းပေးမည်ဖြစ်ပါသည်။

## ကုသမှုကြောင့် ဖြစ်ပေါ်နိုင်သောဆိုးကျိုးများမှာ

ကုသမှု၏နောက်ဆက်တွဲများဖြစ်သော အရေပြားရောင်ရမ်းခြင်း၊ နီရဲခြင်းများမှာ (၅)ရက် မှ (၇)ရက်ခန့်ကြာမြင့်နိုင်ပါသည်။ ဆိုးကျိုးအများစုမှာ ယာယီသာဖြစ်ပါသည်။

- နီမြန်းခြင်း၊ ရောင်ရမ်းခြင်း၊ သွေးထွက်ခြင်း
- ယာယီအမည်းကွက်များဖြစ်ပေါ်နိုင်ခြင်း (Post Inflammatory Hyperpigmentation)
- ကွက်၍အရောင်ဖျော့ခြင်း
- ပိုးဝင်ခြင်း
- အမာရွတ်ဖြစ်ခြင်း (ရောဂါပိုးဝင်ခြင်းနှင့်အချို့သောဆေးဝါးများကြောင့်ဖြစ်သည်။)
- ရှိရင်းစွဲဂက်ခြိပိုမိုဆိုးဝါးနိုင်ခြင်း (ခေတ္တမျှသာ)
- Milia အစေ့များဖြစ်ပေါ်နိုင်ခြင်း (ရက်အနည်းငယ်အတွင်းပျောက်ကင်းသည်။)

## ကုသမှုခံယူပြီးနောက်လိုက်နာရမည့်အချက်များမှာ

- ရေသန့် သို့မဟုတ် Normal Saline စိမ်ထားသောပတ်တီးစ/ဂွမ်းစဖြင့်ကပ်ပါ။ ရေဓါတ်အားဖြည့်ပေးသောအဆီ/ခရင်မ် တစ်မျိုးမျိုးလိမ်းပါ။
- ကုသမှုခံယူပြီး (၁၂)နာရီအတွင်း ရေမထိရပါ။
- မျက်နှာသစ်ဆေးအပြင်းစားများမသုံးသင့်ပါ။
- ကုသမှုခံယူပြီး (၁)ပတ်အတွင်း Sensitive Skin အတွက်ထုတ်လုပ်ထားသော Skin Care Product များကိုသာ အသုံးပြုသင့်ပါသည်။ ပထမတစ်ပတ်အတွင်း အသုံးပြုသောအရေပြားပစ္စည်းများသည် အန္တရာယ်မပြုနိုင်သော ဓါတုပစ္စည်းအနည်းဆုံးဖြစ်ရမည်။ ထို့အပြင် Toner, Retinoids (Vitamin A), Scrubs, Bleaching Creams များကို ပထမတစ်ပတ်အတွင်း မသုံးရပါ။
- ကုသမှုခံယူပြီး ပထမညတွင် ခေါင်းအုံးနှစ်လုံးဆင့်ပြီး အိပ်ခြင်းဖြင့် ယောင်ရမ်းခြင်းကို သက်သာစေနိုင်ပါသည်။
- ကုသမှုကြောင့် ဖြစ်ပေါ်တတ်သော အရေးပြာနီရဲခြင်းများသည် ပထမတစ်ပတ်အတွင်း တဖြည်းဖြည်း ပျောက်ကွယ်သွားမည်။ သို့သော်ရက်သတ္တပတ်အနည်းငယ်အထိ ပန်းရောင်သမ်းနေနိုင်ပါသည်။ နီရဲခြင်းသက်သာစေရန် မိတ်ကပ်ဖြင့် ဖုံးအုပ်ထားနိုင်ပါသည်။
- ကုသမှုခံယူပြီးလျှင် အရေပြားကွာကျခြင်း၊ အရေပြားခြောက်သွေ့ခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ထိုဖြစ်စဉ်မှာ အရေပြား အသစ်ပြန်လည်မွေးဖွားခြင်းဖြစ်၍ စိုးရိမ်စရာမရှိပါ။ ခန္ဓာကိုယ်အရေပြားမှ သဘာဝတုန့်ပြန်မှုသာ ဖြစ်ပါသည်။
- အရေပြားအညိုရောင်သမ်းခြင်း၊ အမည်းစက်လေးများဖြစ်ပေါ်ခြင်းများမှာ ကုသမှု၏ ပုံမှန်တုန့်ပြန်မှုသာဖြစ်၍ (၇)ရက်မှ (၁၀)ရက် အတွင်းတွင် သူ့အလိုလို တဖြည်းဖြည်းပျောက်ကွယ်သွားပါလိမ့်မည်။
- ကုသမှုခံယူပြီး အနာဖြစ်ပေါ်လာပါက အနာအတွက်ပေးမည့် လိမ်းဆေးကို လိမ်းပေးရမည်။ အနာကို ထိုးဆွခြင်း မပြုလုပ်ရပါ။ သူ့အလိုလို သက်သာပျောက်ကင်းသွားပါလိမ့်မည်။
- Alma Laser (Fractional Handpiece) ဖြင့် ကုသမှုသည် အရေပြားပေါ်တွင် အနီအစင်းကြောင်းများ ဖြစ်ပေါ်စေနိုင်သည်။ ထိုဖြစ်စဉ်မှာ ယာယီဖြစ်ပေါ်ခြင်းသာဖြစ်၍ ပုံမှန်အရေပြားတုန့်ပြန်မှုဖြစ်သည်။
- ကုသမှုခံယူပြီး (၁) ပတ်အတွင်း အပူဒဏ်ကို ရှောင်ပါ။ ဥပမာ-အမိုးအကာမပါဘဲနေပူထဲထွက်ခြင်း၊ လေ့ကျင့်ခန်း ပြင်းပြင်း ထန်ထန်လုပ်ခြင်း၊ ရေနွေးစိမ်ခြင်း
- နေလောင်ခံလိမ်းဆေး ( SPF 30 or More) အသုံးပြုရန်မှာ အင်မတန်အရေးကြီးသည်။ အပြင်မသွားမီ မိနစ် (၂၀) ကြိုတင်၍ လိမ်းပေးရမည်။ ပြီးလျှင် (၂)နာရီ မှ (၄)နာရီ တစ်ခါပြန်လည်၍ ခဏခဏလိမ်းပေးရမည်။
- ကုသမှုခံယူပြီး (၂၄) နာရီအတွင်း မည်သည့်မိတ်ကပ်မှ မလိမ်းရပါ။ ပထမတစ်ပတ်အတွင်း အသုံးပြုသော ပစ္စည်းများသည် အန္တရာယ်မပြုနိုင်သော ဓါတုပစ္စည်းအနည်းဆုံးဖြစ်ရမည်။ ထို့အပြင် Toner, Retinoids (Bitamin A), Scrubs, Bleaching Creams များကို ပထမတစ်ပတ်အတွင်း မသုံးရပါ။
- နေပူထဲသို့ တိုက်ရိုက်ထွက်ရမည်ဆိုပါက ဦးထုပ်ဆောင်းပါ။ ကုသမှုခံယူထားသော နေရာကိုလုံခြုံစွာဖုံးအုပ်ပါ။ ယခုအတိုင်း ရက်သတ္တပတ်အနည်းငယ်အထိ လိုက်နာပါ။